အပိုင်း ၂

# မိ ခင် နှင့် မျိုး ဆက် ပွား ကျန်းမာရေး



## ကိုယ်ဝန်ဆောင်မိခင်များလိုက်နာဆောင်ရွက်ရန်

- ကိုယ်ဝန်ရှိသည်ဟု သံသယရှိလျှင် နီးစပ်ရာဆေးရုံ/ဆေးခန်း/ ကျန်းမာရေးဌာနများတွင် ကိုယ်ဝန် အပ်ပါ။
- ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုကို ကျွမ်းကျင်သူကျန်းမာရေးဝန်ထမ်းထံတွင် အနည်းဆုံး(၄) ကြိမ် ခံယူပါ။
  - → ပထမအကြိမ် - ကိုယ်ဝန် (၄)လအတွင်း (စောနိုင်သမျှစောစော)
  - → ဒုတိယအကြိမ် - ကိုယ်ဝန် (၆)လမှ (၇)လအတွင်း
  - → တတိယအကြိမ် - ကိုယ်ဝန် (၈)လအတွင်း
  - → စတုတ္ထအကြိမ် - ကိုယ်ဝန် (၉)လအတွင်း
- ကိုယ်ဝန်ဆောင်မိခင်များ အာဟာရပြည့်ဝမျှတရန် အစားမရှောင်ပါနှင့်။ ကိုယ်ဝန်ဆောင်စဉ် အစား ပိုစားပါ။
- မေးခိုင်ကာကွယ်ဆေး (၂)ကြိမ်ထိုးပါ။
- တတ်ကျွမ်းသော ကျန်းမာရေးစောင့်ရှောက်မှုပေးသူမှ ညွှန်ကြားသောဆေးဝါးမှအပ အခြား ဆေးများ မသောက်ပါနှင့်။
- နေ့စဉ် သင့်တော်သောကိုယ်လက်လှုပ်ရှားမှု အသင့်အတင့်ပြုလုပ်ပါ။ အိပ်ရေးဝအောင် အိပ်ပါ။ နေ့လည်ပိုင်းတွင် အနားယူပါ။ အလေးအပင်မသောအလုပ်များ မလုပ်ပါနှင့်။
- သံဓာတ်ဖောလိတ်ကိုယ်ဝန်ဆောင်အားဆေးကို စောနိုင်သမျှစောစောသောက်ပါ။ ကိုယ်ဝန်(၇) လ ကျော်လျှင် မနက်တစ်လုံး၊ ညတစ်လုံး သောက်ပါ။
- သန့်ရှင်းပေါ့ပါး ချောင်ချိ၍ ရာသီဥတုနှင့်ကိုက်ညီသော အဝတ်အစားများကို ဝတ်ဆင်ပါ။
- ဆေးလိပ်၊ အရက်မသောက်ပါနှင့်။ ကွမ်းမစားပါနှင့်။ ဆေးလိပ်ငွေ့၊ မီးခိုးငွေ့အစရှိသည့် ညစ်ညမ်းသော လေထုပတ်ဝန်းကျင်မှ ရှောင်ရှားပါ။
- ငှက်ဖျားနှင့်သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရန်အတွက် ဘယ်အချိန်အိပ်အိပ် ဆေးစိမ် ခြင်ထောင်ဖြင့်အိပ်ပါ။
- နေမကောင်းဖြစ်ပါကနီးစပ်ရာဆေးရုံ/ဆေးခန်းကျန်းမာရေးဌာနများသို့အမြန်ဆုံး သွားရောက်၍ ဆေးကုသမှုကိုခံယူပါ။
- မွေးဖွားရန် ကြိုတင်အစီအစဉ် ရေးဆွဲထားပါ။
- တစ်ခါသုံး မွေးဖွားအိပ်ငယ်ကို အသုံးပြုပါ။

## ကိုယ်ဝန်သွားပြသည့်အခါ အောက်ပါအချက်များကိုဆောင်ရွက်ပေးပါလိမ့်မည်။

### ပထမအကြိမ်ကိုယ်ဝန်(၄)လအတွင်း စောနိုင်သမျှစောစော

- ကိုယ်ဝန်ရာဇဝင် မေးခြင်း
- အထွေထွေကျန်းမာရေးဆိုင်ရာ စစ်ဆေးခြင်း
- သွေးပေါင် ချိန်ပေးခြင်း
- ကိုယ်အလေးချိန် ချိန်ပေးခြင်း
- သွေးအားနည်းခြင်း ရှိ/မရှိ စစ်ဆေးပေးခြင်း
- ဆီးစစ်ပေးခြင်း
- ဆစ်ဖလစ်ရောဂါပိုးအတွက်သွေးစစ်ပေးခြင်း
- တီဘီရောဂါ လက္ခဏာ ရှိ/မရှိ မေးမြန်းခြင်း
- ကိုယ်ဝန်ဆောင်မိခင်နှင့် ခင်ပွန်းအား နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း နှင့် အိပ်ချ်အိုင်ဗွီ (HIV)ပိုး ရှိ/မရှိ သွေးစစ်ဆေးပေးခြင်း။
- မေးခိုင်ကာကာကွယ်ဆေး ပထမအကြိမ်ထိုးပေးခြင်း
- သံဓာတ်ဖောလိတ်ကိုယ်ဝန်ဆောင်အားဆေး နေ့စဉ်သောက်ရန် ပေးခြင်း
- ကျန်းမာရေးပညာပေးခြင်း
- ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်၊ မွေးဖွားပြီး ဖြစ်ပေါ်နိုင်သော အန္တရာယ်လက္ခဏာများ  အသိပေးခြင်း

### ဒုတိယအကြိမ်(ကိုယ်ဝန် ၆လ – ၇လအတွင်း)

- သွေးပေါင်ချိန်ပေးခြင်း
- ကိုယ်အလေးချိန် ချိန်ပေးခြင်း

- ဆီးစစ်ပေးခြင်း
- သန်ချဆေးပြား တစ်ကြိမ်သောက်ရန် ပေးခြင်း
- သံဓာတ်ဖောလိတ် ကိုယ်ဝန်ဆောင်အားဆေး နေ့စဉ်သောက်ရန် ပေးခြင်း
- မေးခိုင်ကာကာကွယ်ဆေး ဒုတိယအကြိမ် ထိုးပေးခြင်း

## တတိယအကြိမ်ကိုယ်ဝန်(၈)လတွင်

- သွေးပေါင် ချိန်ပေးခြင်း
- ကိုယ်အလေးချိန် ချိန်ပေးခြင်း
- ကိုယ်ဝန်စမ်းသပ်ပေးခြင်း
- ဆီးစစ်ပေးခြင်း
- သွေးအားနည်းခြင်း ရှိ/မရှိသွေးစစ်ပေးခြင်း
- သံဓာတ်ဖောလိတ် ကိုယ်ဝန်ဆောင်အားဆေး နေ့စဉ်သောက်ရန်ပေးခြင်း
- ဆစ်ဖလစ်ရောဂါပိုးအတွက် သွေးစစ်ပေးခြင်း
- တီဘီရောဂါ လက္ခဏာရှိ/မရှိမေးမြန်းခြင်း

## စတုတ္ထအကြိမ်(ကိုယ်ဝန် ၉လ တွင်)

- သွေးပေါင် ချိန်ပေးခြင်း
- ကိုယ်အလေးချိန် ချိန်ပေးခြင်း
- ကိုယ်ဝန်စမ်းသပ်ပေးခြင်း

- ဆီးစစ်ပေးခြင်း
- သံဓာတ်ဖောလိတ် ကိုယ်ဝန်ဆောင်အားဆေး နေ့စဉ်သောက်ရန်ပေးခြင်း
- ဗီတာမင်ဘီဝမ်းဆေးပြား သောက်ရန်ပေးခြင်း
- မွေးဖွားခါနီး လက္ခဏာများ အသိပေးခြင်း
- မွေးဖွားမည့်ခန့်မှန်းရက်ထက် တစ်ပတ်ကျော်ပါက ကျန်းမာရေးဌာနသို့ သွားရောက်ပြသရန် အကြံပြုခြင်း

### ကိုယ်ဝန်ဆောင်စဉ် ထိုးရမည့်/သောက်ရမည့်ဆေးများ

- မေးခိုင်ကာကွယ်ဆေး အနည်းဆုံး(၂)ကြိမ် ထိုးပါ။
- သံဓာတ်ဖောလိတ် ကိုယ်ဝန်ဆောင်အားဆေး နေ့စဉ် မှန်မှန်သောက်ပါ။
- ကိုယ်ဝန်(၄)လကျော်လျှင် သန်ချဆေးတစ်ကြိမ် သောက်ပါ။
- ကလေးမမွေးခင်(၁)လမှ မွေးဖွားပြီး(၃)လအထိ ဗီတာမင်ဘီဝမ်းကို ညွှန်ကြားထားသည့်အတိုင်း သောက်ပါ။

## မွေးဖွားရာတွင်လိုအပ်မည့်သန့်စင်ခြင်း(၆)မျိုး

၁။ သန့်စင်သော မျက်နှာပြင် (ကိုယ်ဝန်ဆောင်အမျိုးသမီး မွေးဖွားမည့်နေရာ ဥပမာ-ကုတင်၊ ကြမ်းပြင် စသည်များ)

၂။ မွေးဖွားပေးမည့်သူ၏ သန့်စင်သောလက်များနှင့် ပိုးသတ်ပြီး လက်အိတ်များ

၃။ ချက်ကြိုးဖြတ်ရန်အတွက် သန့်စင်သော ဘလိတ်ဓား/ ကတ်ကြေး (Sterilize ပြုတ်ပြီး)

၄။ သန့်စင်သော ပိုးမွှားကင်းစင်ပြီး ချက်ကြိုးချည်သည့်ကြိုး (Sterilize ပြုတ်ပြီး) (သို့) ပိုးသတ်ပြီး ချက်ညှပ် ကလစ်

၅။ ကလေးငယ်အား ထုတ်ပိုးရန် သန့်စင်သောအနီးပိတ်နှင့် ဝတ်ရန်အဝတ်များ၊ ဦးထုပ်၊ ခြေအိတ်

၆။ မိခင်အတွက်သန့်စင်သော အဝတ်အစားများ

## ကိုယ်ဝန်ဆောင်မိခင်များအတွက် အန္တရာယ်လက္ခဏာများ

**အောက်ပါအခြေအနေများဖြစ်ပေါ်လာပါကဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့နေ့ည မဆိုင်း ချက်ချင်းပြပါ။**

- မိန်းမကိုယ်မှ သွေးဆင်းခြင်း
- ခေါင်းပြင်းထန်စွာကိုက်ပြီး အမြင်မှုန်ဝါးခြင်း၊
- တက်ခြင်း၊ သတိလစ်ခြင်း
- အန်ခြင်း၊ ရင်ညွန့်(သို့) ညာဘက်နံရိုးအောက်အောင့်ခြင်း
- ဝမ်းဗိုက် အလွန်အမင်း ဆက်တိုက်နာခြင်း
- ဖျားပြီး အိပ်ရာမှမထနိုင်လောက်အောင် အားနည်းခြင်း
- အသက်ရှူမြန်ခြင်း၊ အသက်ရှူခက်ခြင်း

## မွေးဖွားစဉ်အန္တရာယ်လက္ခဏာများ

**အောက်ပါအခြေအနေများ ဖြစ်ပေါ်လာပါကဆေးရုံ/ဆေးခန်း/ ကျန်းမာရေးဌာနသို့နေ့ညမဆိုင်း ချက်ချင်း ပြပါ။**

### မိခင်

- ရေမွှာပေါက်ပြီး (၆)နာရီကြာသည့်တိုင်အောင် ဗိုက်မနာလျှင်
- ဗိုက်နာခြင်း (၁၂)နာရီကျော်သည်အထိ မမွေးသေးလျှင်
- မွေးပြီး သွေးများဆင်းလျှင် (သို့) (၅)မိနစ်အတွင်း အောက်ခံပစ္စည်း၊ အဝတ်တွင် သွေးများ ရွှဲနစ်နေလျှင်
- ကလေးထွက်ပြီး (၁)နာရီကြာသည်အထိ အချင်းမကျလျှင်

### မွေးကင်းစကလေး

- ကလေးအလွန်သေးလျှင်
- အသက်ရှူခက်လျှင်

## မွေးဖွားပြီးစမိခင်များအတွက်အန္တရာယ်လက္ခဏာများ

**မီးတွင်းချိန်တွင်အောက်ပါအခြေအနေများ ဖြစ်ပေါ်လာပါကဆေးရုံ/ဆေးခန်း/ ကျန်းမာရေး နေ့ညမဆိုင်း ချက်ခြင်းပြပါ။**

- သွေးဆင်းများလျှင်
- ခေါင်းအလွန်ကိုက်ပြီး အမြင်မှုန်ဝါးလျှင်
- တက်လျှင်
- အသက်ရှူမြန်လျှင်၊ အသက်ရှူခက်ခဲလျှင်
- ဖျားပြီးအိပ်ရာမှ မထနိုင်လောက်အောင် အားနည်းလျှင်

## နှစ်သိမ့်ဆွေးနွေးခြင်းခံယူပြီး သားဆက်ခြားပါ။

**GATHER**

**G** : Great

**A** : Ask

**T** : Talk

**H** : Help

**E** : Explain

**R** : Return

## သားဆက်ခြားခြင်း

**သင့်တော်သော နည်းလမ်းတစ်ခုခုဖြင့် သားဆက်ခြားပါ။**

### ၁။ နေ့စဉ်သောက်စားဆေး

ရာသီသွေးစပေါ်သည့်ရက်မှ (၅) ရက်အတွင်း စပြီး သောက်ပါ။ စားဆေးသည် ကလေး (၆)လအောက် နို့တိုက်မိခင်များ၊ ရင်သားအဖုအကျိတ်ရှိသူများ၊ နလုံး ၊သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်ရောဂါရှိသူများတွင် သောက်သုံးရန် မသင့်ပါ။

### ၂။ သုံးလ (၁၂ပတ်)ခံ သားဆက်ခြားထိုးဆေး

ရာသီသွေးစပေါ်သည့်ရက်မှ (၅) ရက်အတွင်း ထိုးနိုင်ပါသည်။ ကလေးမီးဖွားပြီးသူများ မွေးဖွားပြီး (၄၂) ရက်တွင် ဆေးထိုးနိုင်ပါသည်။ ပထမဆေးထိုးပြီး ၃ လ (၁၂ ပတ်) အကြာတွင် နောက်တစ်လုံး ထပ်ထိုးပါ။ အလွန်အမင်းဝသူများ၊ အသည်းရောင် အသားဝါ ရောဂါရှိသူများ၊ ရင်သားကင်ဆာ၊ အခြားကင်ဆာ ရောဂါရှိသူများ ထိုးဆေးထိုးရန် မသင့်ပါ။

### ၃။ ကွန်ဒုံး

သားဆက်ခြား လိုလျှင်သော်လည်းကောင်း၊ လိင်မှတဆင့် ကူးစက်တတ်သော ရောဂါများမှ ကာကွယ်ရန်လည်းကောင်း အသုံးပြုနိုင်သည်။

### ၄။ သားအိမ်တွင်းထည့် သားဆက်ခြားပစ္စည်း

ရာသီသွေးပေါ်နေချိန် (သို့) ပေါ်ပြီးအချိန်၊ မီးဖွားပြီးနောက် (၄) ပတ်ကျော်လျှင်၊ သားလျှောပြီးနောက် (၄) ပတ်ကျော်လျှင် ထည့်သွင်းနိုင်ပါသည်။ ကိုယ်ဝန်မရှိကြောင်း သေချာလျှင် ရာသီစက်ဝန်း၏ မည်သည့်အချိန်တွင်မဆို ထည့်နိုင်သည်။ နို့တိုက်မိခင်များ၊ အနည်းဆုံး တစ်ကြိမ် ရှိးရှိးမီးဖွားပြီးသူများ၊ စားဆေး၊ ထိုးဆေးများနှင့် မတည့်သော သားဆက်ခြားလိုသူများနှင့် သင့်တော်ပါသည်။

### ၄။ လက်မောင်းအရေပြားအောက်သွင်း သားဆက်ခြားပစ္စည်း

ရာသီသွေးပေါ်နေချိန် (သို့) ပေါ်ပြီးစအချိန်၊ ကလေးမွေးပြီး(၄)ပတ်အကြာ ထည့်သွင်းနိုင်ပါသည်။ ကိုယ်ဝန်မရှိကြောင်းသေချာလျှင် ရာသီစက်ဝန်း၏ မည်သည့်အချိန်တွင်မဆို ထည့်နိုင်သည်။ အသက်အရွယ်မရွေး ထည့်သွင်းနိုင်ပြီး မီးဖွားပြီးသူဖြစ်ရန် မလိုပါ။